CHINA · YUNNAN
HEADLINE
27 June - 3 July, 2019 Vol.116
Yunnan Daily Press Group ရန်ကုန်တိုင်းမ် A

# ၂၀၁၉ခုနှစ် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးညှိနှိုင်းပွဲ ကူမင်းတွင် ဖွင့်လှစ်ကျင်းပ

၂၀၁၉ ခုနှစ် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံမှု ကုန်သွယ်ရေးညှိနှိုင်းပွဲ(အောက်တွင် ညှိနှိုင်းပွဲဟု အတိုချုံ့ခေါ်ဝေါ်)ကို ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ကူမင်း တျိန်ချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခဲ့ပါသည်။ ယခုအကြိမ် ညှိနှိုင်းပွဲသည် 'တံခါးဖွင့်လှစ်မှု ရှေ့တန်းမှာ အတူစုစည်းခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုမှုစင်တာကို အတူတည်ဆောက်ခြင်း၊ ချမ်းသာဖွံ့ဖြိုးမှုကို အတူခံစားခြင်း'ဟူသည့် အဓိကဆောင်ပုဒ်ဖြင့် ဇီဝဆေးဝါးနှင့် ကျန်းမာရေးပြခန်း၊ မြစိမ်းရောင် စားသောက်ကုန်ပြခန်း၊ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ရင်းနှီးမြှုပ်နှံမှုပူးပေါင်းမှုပြခန်း စသည့်ပြခန်း ၁၇ ခုကို ခင်းကျင်းပြသထားပါသည်။ စုစုပေါင်း ပြသမှုနေရာ ၇၅၀၀ ခန့်ရှိပြီး ပြပွဲ၏ စုစုပေါင်းမျက်နှာပြင်ဧရိယာသည် ၁ ဒသမ ၇ သောင်း စတုရန်းမီတာခန့် ရှိပါသည်။

ယခုအကြိမ် ညှိနှိုင်းပွဲသည် ကမ္ဘာ့နိုင်ငံနှင့်ဒေသ(၅၁)ခုမှ လုပ်ငန်းအဖွဲ့များ လာရောက်ပါဝင်ပြသခဲ့သည်။ ယခုအထိ ကမ္ဘာ့အကောင်းဆုံးလုပ်ငန်းအဖွဲ့ ၅၀၀ အတွင်းမှ ၂၀ခု၊ တရုတ်ပြည်တွင်းအကောင်းဆုံးလုပ်ငန်းအဖွဲ့ ၅၀၀ အတွင်းမှ ၁၅ ခု၊ အကျိုးသက်ရောက်မှုပြုသော စံပြလုပ်ငန်းအဖွဲ့ ၄၀ခုတို့သည် ပါဝင်ပြသကြောင်း သိရပါသည်။

ယခုအကြိမ် ညှိနှိုင်းပွဲခေါင်းစဉ်နိုင်ငံသည် သီရိလင်္ကာနိုင်ငံဖြစ်ပြီး အဓိကဧည့်သည်နိုင်ငံမှာ ကမ္ဘောဒီးယားနိုင်ငံဖြစ်သည်။ ခေါင်းစဉ်နိုင်ငံ သီရိလင်္ကာပြခန်း၏ ဒီဇိုင်းအဆိုပြုမှု အဓိကပုံစံသည် ကျောက်မျက်ရတနာဖြတ်မျက်နှာပြင်ဖြင့် ဒီဇိုင်းလုပ်ထားခြင်းဖြစ်သည်။ ပုံစံသည် ဗွိုင့်၊ လိုင်း၊ မျက်နှာပြင်ဖြင့် အဆင့်ခွဲကာ ကျောက်မျက်ရတနာ ကိုယ်ထည်ခံစားမှုကို ပြသသည်။ တစ်ခုလုံးပုံသဏ္ဍာန်မှာ ခမ်းနားပြီး ခေတ်သစ်ပုံစံရှိပါသည်။




**လင့်ရှိတ်ဆက်– ၂၀၁၉ ညှိနှိုင်းပွဲတွင် မည်သည့် တောက်ပချက်များ ရှိသနည်း။**

၂၀၁၉ ခုနှစ် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ ကုန်စည်ပြပွဲနှင့် ရင်းနှီးမြှုပ်နှံ ကုန်သွယ်ညှိနှိုင်းပွဲ (အောက်တွင် ညှိနှိုင်းပွဲဟု အတိုချုံ့ခေါ်ဝေါ်သည်)ကို ဇွန် ၁၂ရက်မှ ၁၈ ရက်အထိ ကူမင်း တျိန်ချီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင် ကျင်းပခဲ့ပါသည်။

ယခုအကြိမ်ညှိနှိုင်းပွဲတွင် ပြခန်းစုစုပေါင်း ၁၇ ခု ခင်းကျင်းပြသထားပြီး ပြသနေရာ ၇၅၀၀ ခန့်ရှိကာ ပြခန်းစုစုပေါင်း မျက်နှာပြင်ဧရိယာသည် ၁ ဒသမ ၇ သောင်း စတုရန်းမီတာခန့်ရှိသည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းမှုပြခန်း၊ မြစိမ်းရောင်စွမ်းအင်ပြခန်း၊ သစ်တောဂေဟကုန်ပစ္စည်းပြခန်းနှင့် ဒစ်ဂျစ်တယ်ယူနန် ပြသဇုန် စသည့် ပြခန်း(၄)ခုကို ပထမအကြိမ် ခင်းကျင်းပြသခြင်းဖြစ်သည်။ ပြသရာတွင် ထူးခြားချက်လေးချက်ကို အထူးထင်ရှား သိသာစေပါသည်။ ယင်းတို့မှာ - စမတ်ပုံစံ၊ မြစိမ်းရောင်ပုံစံ၊ နိုင်ငံတကာပုံစံနှင့် အမှတ်တံဆိပ်ပုံစံ ဖြစ်သည်။

ဇီဝဆေးဝါးနှင့် ကျန်းမာရေးပြခန်းတစ်ခု (အမှတ်(၁)ပြခန်း)- ပြသနေရာ(၄၉)ခု တည်ထောင်ထားပါသည်။ ကျန်းမာရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို ပြသသည့်နည်းပညာ၊ ကုန်ပစ္စည်းသစ်များကို ပြသပါသည်။ ကျန်းမာသော နေထိုင်မှုပုံစံကို တွန်းဆော်ထားသည်။ ဇီဝဆေးဝါးထုတ်လုပ်မှုနှင့် သက်ဆိုင်သည့် နယ်ပယ်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အသုံးပြုမှုများကို ပြသထားပါသည်။

မြစိမ်းရောင် စားသောက်ကုန် ပြခန်းတစ်ခု(အမှတ်(၂)ပြခန်း)- ယူနန် မြစိမ်းရောင် အော်ဂဲနစ်စိုက်ပျိုးကုန်ပစ္စည်း ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကို ပြသထားပါသည်။ ယူနန် မြစိမ်းရောင် အော်ဂဲနစ်စိုက်ပျိုးရေးထုတ်ကုန်ပစ္စည်းများကို မိတ်ဆက်ပေးလိုက်ပါသည်။

မြစိမ်းရောင် စွမ်းအင်ပြခန်း တစ်ခု (အမှတ်(၃) ပြခန်း)- ယူနန် မြစိမ်းရောင်စွမ်းအင်ဖွံ့ဖြိုးတိုးတက်မှု၏ ကြီးမားသောအလားအလာနှင့် ထူးခြားသော အားသာချက်ကို ပြသထားပါသည်။ စွမ်းအင်နည်းပညာ၊ ကုန်ပစ္စည်းသစ်များကို ပြသထားပါသည်။ စွမ်းအင်ဒစ်ဂျစ်တယ်ပုံစံ၊ စမတ်ပုံစံတို့၏ အလားအလာကို ဖော်ပြထားပါသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ရင်းနှီးမြှုပ်နှံမှုပူးပေါင်းမှုပြခန်း (အမှတ်(၄) ပြခန်း)- လွတ်လပ်သည့် ကုန်သွယ်မှုစမ်းသပ်ဇုန်နှင့် ယူနန်တံခါးဖွင့်လှစ်မှု အားသာချက် အထွေထွေပြသဇုန်၊ ခြံဇုန် စသည့် တံခါးဖွင့်လှစ်မှုပုံစံ ကြားခံနယ်ရင်းနှီးမြှုပ်နှံမှုခေါ်ယူရန် စွမ်းဆောင်မှုဇုန်၊ ပြည်ပစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုပြသဇုန် စသည့်ပြသဇုန်(၃)ခုကို တည်ထောင်ထားပါသည်။

အရှေ့တောင်အာရှပြခန်းနှစ်ခု(အမှတ်(၅)၊ (၆) ပြခန်း)- ပြသနေရာ ၄၂၀ ခုနှင့် ၄၂၈ ခုကို အသီးသီး တည်ထောင်ထားပါသည်။ ထူးခြားသောစားသောက်ကုန်၊ မဟော်ဂနီ သစ်လက်မှုလက်ရာ စသည်တို့ကို ပြသထားပါသည်။ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှနိုင်ငံအသီးသီး၏ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုယဉ်ကျေးမှုဖလှယ်ရေး၏ အောင်မြင်မှုရလဒ်များကိုပြသထားပါသည်။

ဖွင့်ပွဲအခမ်းအနားခန်းမနှင့် ခေါင်းစဉ်နိုင်ငံ၊ အဓိကဧည့်သည်နိုင်ငံပြခန်း(အမှတ်(၇) ပြခန်း)- ယခုအကြိမ် ညှိနှိုင်းပွဲ ဖွင့်လှစ်ခြင်း အခမ်းအနား၊ သက်ဆိုင်ရာ ကာလတူအစည်းအဝေးများ ကျင်းပရာနေရာ ဖြစ်ပါသည်။ ခေါင်းစဉ်နိုင်ငံ၊ အဓိကဧည့်သည်နိုင်ငံတို့၏ နိုင်ငံပုံရိပ်ပြခန်း ဖြစ်ပါသည်။

တောင်အာရှပြခန်း နှစ်ခု(အမှတ်(၈)၊ (၉)ပြခန်း)- ပြသနေရာ ၄၄၈ ခုနှင့် ၄၀၄ ခု တို့ကို အသီးသီး တည်ထောင်ထားပါသည်။ အဓိကပြသကုန်ပစ္စည်းများမှာ သားရေထုတ်ကုန်များ၊ ကော်ဇော၊ ထူးခြားသောစားသောက်ကုန်များ စသည်တို့ဖြစ်ပါသည်။ တရုတ်နိုင်ငံနှင့် တောင်အာရှနိုင်ငံအသီးသီး၏ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုနှင့် လူမှုယဉ်ကျေးမှုဖလှယ်ရေး အောင်မြင်ခြင်းရလဒ်များကို ပြသထားပါသည်။

ပြည်ပပြခန်းတစ်ခု(အမှတ်(၁၀)ပြခန်း)- ပြသနေရာ ၄၄၈ ခု တည်ထောင်ထားပါသည်။ နိုင်ငံတကာပြသဇုန်၊ ကိုရီးယားပြသဇုန်၊ တရုတ် ဟောင်ကောင်ပြသဇုန်၊ တရုတ် မကာအိုပြသဇုန် စသည်ဖြင့် ခွဲထားပါသည်။ စုစုပေါင်း နိုင်ငံ ၂၁ ခုနှင့် အထူးအုပ်ချုပ်ရေးဇုန်(SAR)နှစ်ခုမှ ပါဝင်ပြသကြပါသည်။

ထိုင်ဝမ်ပြခန်း တစ်ခု(အမှတ်(၁၁) ပြခန်း)- ပြသနေရာ ၄၄၈ ခု တည်ထောင်ထားပါသည်။ ပြသကုန်ပစ္စည်းများသည် ထိုင်ဝမ်စိုက်ပျိုးရေးကုန်၊ ထူးခြားသောစားသောက်ကုန်၊ အပေါ့စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးကုန်ကြမ်း စသည်အမျိုးအစားများ ပါဝင်ပါသည်။

ပြည်တွင်းပြခန်း တစ်ခု (အမှတ်(၂၁) ပြခန်း)- လုပ်ငန်းအဖွဲ့ ၂၁ ခုမှ ပါဝင်ပြသသည်။ အားလုံး အထူးပြင်ဆင်ပြသဇုန်ဖြစ်ပါသည်။ မျက်နှာပြင်ဧရိယာသည် ၄၅၀၀ စတုရန်းမီတာခန့် ရှိသည်။

ယဉ်ကျေးမှု ခရီးသွားလာရေးပြခန်း တစ်ခု(အမှတ်(၁၃)ပြခန်း)- ပြည်နယ်ခွဲ မြို့ ၁၆ ခု၏ ယဉ်ကျေးမှုခရီးသွားလာရေး၏ ထူးခြားချက်များကို ရောစပ်ပြီး ယူနန်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးရောစပ်ကာ ဖွံ့ဖြိုးတိုးတက်သည့် ပုံရိပ်အသစ်ကို ပြသထားပါသည်။ ယူနန်ယဉ်ကျေးမှုနှင့် ခရီးသွားလာရေး ကုန်ပစ္စည်းသစ်၊ လုပ်ငန်းအခြေအနေအသစ်ကို ပြသထားပါသည်။

အီလက်ထရစ်စက်ကိရိယာပြခန်းတစ်ခု (အမှတ်(၁၆) ပြခန်း)- ချိုသာ၊ ပတ်ဝန်းကျင်ထိန်းသိမ်းသော မူဝါဒဖြင့် LED Screen, LCD Screen စသည့် ကြားခံရာများဖြင့် ပြသပါသည်။

သစ်တောဂေဟကုန်ပစ္စည်းပြခန်း တစ်ခု (အမှတ်(၁၇)ပြခန်း)- 'သစ်တောဂေဟ'ဟူသော အဓိကဆောင်ပုဒ်ကို ဝိုင်းရံပြီး ဒေသခံသစ်တောလုပ်ငန်း၊ သက်ဆိုင်ရာလုပ်ငန်းနှင့် အားသာချက်ရှိသော ကုန်ပစ္စည်းများ၏ ယခုလက်ရှိအခြေအနေများကို အဓိကပြသထားပါသည်။

ခေတ်မီထူးချွန်သော စားသောက်ကုန်ပြခန်းတစ်ခု(အမှတ်(၁၈)ပြခန်း)- ပြသနေရာ ၄၂၀ ခု တည်ထားပါသည်။ အဓိကသည် ဒေသအသီးသီးမှ နာမည်ကြီး ထူးခြားသော စားသောက်ကုန်၊ ထူးခြားသောစားသောက်များကို ပြသထားပါသည်။

ယဉ်ကျေးမှုပြခန်းတစ်ခု (အမှတ်(၁၉) ပြခန်း)- ပြည်တွင်းနှင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများ၏ သစ်မာပရိဘောဂ ထုတ်ကုန်နှင့် ပန်းပု၊ သစ်လက်မှုလက်ရာများ စသည်တို့ကို စုဝေးထားပါသည်။

ထို့အပြင် ဒစ်ဂျစ်တယ်ယူနန်ပြသဇုန်ကို ပထမဆုံးအကြိမ် တည်ထားပါသည်။ 'ဖုန်းတစ်လုံးဖြင့် ယူနန်ကိုလည်ပတ်ခြင်း'၊ 'ဖုန်းတစ်လုံးဖြင့် အလုပ်များလုပ်ဆောင်ခြင်း'၊ 'ဖုန်းတစ်လုံးဖြင့် ယူနန်အရသာခံစားခြင်း' စသည့် 'ဖုန်းတစ်လုံး'တစ်ဆက်တွဲရလဒ်များကို ပြသထားပါသည်။ 5G အင်တာနက်ကို ခံစားရန်လည်း ထောက်ပံ့ပေးထားပါသည်။

အစည်းအဝေးနှင့် ကာလတူလှုပ်ရှားမှု အစီအစဉ်များတွင် '၂၀၁၉ ညှိနှိုင်းပွဲ ဖွင့်ပွဲအခမ်းအနား၊ ဒုတိယကြိမ်မြောက် တရုတ်-တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်၊ (၁၄)ကြိမ်မြောက် တရုတ်-တောင်အာရှ ကော်မာရှယ်ဖိုရမ်၊ တတိယကြိမ်မြောက် တရုတ်-အရှေ့တောင်အာရှ ကော်မာရှယ်ဖိုရမ်၊ ၂၀၁၉ ခုနှစ် မဲခေါင်မြစ် မြစ်ဝှမ်းဒေသခွဲ(GMS) စီးပွားရေးစင်္ကြံ ပြည်နယ်အုပ်ချုပ်ရေးမှူးဖိုရမ်နှင့် (၁၁)ကြိမ်မြောက် မဲခေါင်မြစ်ဝှမ်းဒေသ စီးပွားစင်္ကြံလှုပ်ရှားမှု အထိမ်းအမှတ်သီတင်းပတ်၊ ၂၀၁၉ တောင်အာရှ၊ အရှေ့တောင်အာရှ နည်းပညာ ပြောင်းရွှေ့ချိတ်ဆက်မှု ညှိနှိုင်းပွဲ၊ (၇)ကြိမ်မြောက် တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှ Think Tank ဖိုရမ်၊ ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုး-ရောင်စုံယူနန် (၁၇)ကြိမ်မြောက် အာဆီယံနိုင်ငံများရောက် တရုတ်ကုန်သည်များ အစည်းအဝေးနှင့် ပထမအကြိမ်'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံခြားရောက် တရုတ်လူမျိုးဖိုရမ်၊ (၈)ကြိမ်မြောက် ယူနန်-ထိုင်ဝမ် အစည်းအဝေး၊ ၂၀၁၉ တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှ အနုပညာသီတင်းပတ်၊ ၂၀၁၉ ညှိနှိုင်းပွဲ ကုန်သွယ်ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်း လက်မှတ်ရေးထိုးပွဲ အခမ်းအနား၊ လန်ချန်းမြစ်-မဲခေါင်မြစ် မြစ်ဝှမ်းဒေသနိုင်ငံ အပြန်အလှန်ချိတ်ဆက်မှု အထူးခေါင်းစဉ် အစည်းအဝေး၊ ဒုတိယကြိမ်မြောက် ယူနန်-တောင်အာရှ၊ အရှေ့တောင်အာရှ ပညာရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်၊ ပိုးထည်လမ်းမ ယူနန်ရောင်စုံယူနန် ၂၀၁၉ တိုင်းရင်းသားပြိုင်ပွဲ ယဉ်ကျေးမှုပွဲတော်'တိုင်းရင်းသား ယဉ်ကျေးမှုဆက်ခံ-ဆန်းသစ်မှု ထိပ်သီးဖိုရမ်' စသည့်လှုပ်ရှားမှု ၁၄ ခု ပါဝင်ပါသည်။

ဖွင့်ပွဲနေ့တွင် 'ထာဝရတောင်အာရှကုန်စည်ပြပွဲ'သည် တရားဝင် ဖွင့်လှစ်ခဲ့သည်။ နိုင်ငံတော်ပုံရိပ်ပြခန်းနှင့် ထူးခြားသောကုန်ပစ္စည်းဖလှယ်ပြခန်းနှစ်ခုကို ပထမဆုံးအကြိမ် တင်ပြခဲ့သည်။ နိုင်ငံတော်ပုံရိပ်ပြခန်းတွင် တောင်အာရှ၊ အရှေ့တောင်အာရှပြသဇုန် ၁၈ ခုကို တည်ထားပါသည်။ ထူးခြားသောကုန်ပစ္စည်းဖလှယ်ပြခန်းတွင် ဖလှယ်ရေးဇုန် ခုနစ်ခုတည်ထားပါသည်။

**သတင်းထောက်– ရှူးဝိမ်**

စီးပွားရေး

# မြစိမ်းရောင်စွမ်းအင်သည် ယူနန်ပြည်နယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ ပထမစွမ်းအားဖြစ်လာမည်

ယခုနှစ်ပိုင်းတွင် ယူနန်ပြည်နယ် စွမ်းအားအသစ်အဟောင်းများကို အရှိန်မြှင့်ပြောင်းလဲလျက်ရှိနေသည်။ ရိုးရာအဓိကစက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ပြီး လုပ်ငန်းသစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နေပါသည်။ အရေးပါသော ဆန်းသစ်စက်မှုလုပ်ငန်း စီးပွားရေးလည်း တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်နေသည်။ ယခုစာစောင်မှစပြီး ကျွန်တော်တို့သည် ယူနန်ပြည်နယ်အဆင့်မြင့် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စဉ်ကို ဆောင်းပါးသုံးပုဒ်ခွဲကာ မိတ်ဆက်တင်ပြသွားမည်ဖြစ်သည်။

ယခုချိန်တွင် တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရှိန်အဟုန်ဖြင့် အဆင့်မြင့်တက်နေသည်မှ အရည်အသွေးဖြင့် အဆင့်မြင့်တက်ခြင်းသို့ ပြောင်းလဲနေပါသည်။ နိုင်ငံတစ်နိုင်ငံလုံးကို ကမ္ဘာတစ်ဝန်းမှ အာရုံစူးစိုက်နေပြီး စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးတည်ချက်များ ပြန်လည်တည်ဆောက်ကာ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရန် နည်းလမ်းရှာဖွေနေပါသည်။

၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းတွင် ယူနန်ပြည်နယ်မှတင်ပြသော ‘မြစိမ်းရောင်စွမ်းအင်’၊ ‘မြစိမ်းရောင်စားသောက်ကုန်’၊ ‘ကျန်းမာသောလူနေမှုပုံစံ’ဟူသော ‘ခေါင်းစဉ်(၃)ခု’ဖြင့် လုပ်ငန်းများ ပုံစံပြောင်းလဲကာ ဦးတည်ချက်ပြောင်းလဲရန် ကြွေးကြော်နိုင်ခဲ့ပါသည်။

‘ခေါင်းစဉ်သုံးခု’တွင် ပထမစက်မှုလုပ်ငန်း၊ ဒုတိယစက်မှုလုပ်ငန်းနှင့် တတိယစက်မှုလုပ်ငန်းများ ပါဝင်ပါသည်။ အဓိကလုပ်ဆောင်ချက်မှာ ‘မြစိမ်းရောင်’ဖြင့် ယူနန်ပြည်နယ်လုပ်ငန်းများကို အဆင့်မြှင့်တင်ကာ စီးပွားရေးအရည်အသွေးမြင့်မားသော ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံနောက်ခံဖြစ်ပါသည်။

တစ်နှစ်ကျော်ကာလအတွင်း ယူနန်ပြည်နယ်သည် ‘ခေါင်းစဉ်သုံးခု’ကို အဓိကထားပြီး ‘ရိုးရာလုပ်ငန်း+အဓိကလုပ်ငန်း+ဆန်းသစ်လုပ်ငန်း’ဟူသော လုပ်ငန်းစနစ်ကို တည်ဆောက်ပြီး စွမ်းအင်သစ်များကို ဖွံ့ဖြိုးတိုးတက်စေကာ ယခုခေတ်စီးပွားရေးစနစ်များ တည်ဆောက်ရန် ကြိုးစားလျက်ရှိနေပါသည်။

စီမံကိန်းများ တစ်ခုပြီးတစ်ခု အောင်မြင်ခဲ့ပြီး စွမ်းအားသစ်ဖွံ့ဖြိုးရေးများ ဆက်လက်လုပ်ဆောင်နေပါသည်။ ယခုနှစ် ပထမသုံးလပိုင်းအတွင်း ယူနန်ပြည်နယ်၏ ‘ခေါင်းစဉ်သုံးခု’နှင့် စပ်လျဉ်းသော စီမံကိန်း ၁၄၉ ခုအတွက် စုစုပေါင်းရင်းနှီးမြှုပ်နှံငွေမှာ တရုတ်ယွမ် ၆၈ ဒသမ ၀၁ ဘီလီယံရှိပြီး စီမံကိန်းအသီးသီးမှာ ထိရောက်စွာ ဆောင်ရွက်နေသည်။ ၎င်းအတွင်း စားသုံးကုန်အမျိုးအစား ၇၀ ခုထဲမှာ ပထမသုံးလပိုင်းအတွင်း ယခုနှစ်စီမံကိန်း၏ ၂၂ ဒသမ ၈ ရာခိုင်နှုန်းကို ရင်းနှီးမြှုပ်နှံမှု လုပ်ဆောင်ပြီးစီးပြီဖြစ်ပါသည်။

မေလ ၂၃ ရက်နေ့တွင် ကျန်းလင်မော်တော်ယာဉ် စွမ်းအားသစ်အဖွဲ့အစည်း ကူမင်းမြို့ အခြေစိုက်စီမံကိန်းမှ ပထမဆုံးမော်တော်ယာဉ် ထုတ်လုပ်အောင်မြင်ခဲ့သည်။ ၎င်းမှာ ‘မြစိမ်းရောင်စွမ်းအား’ဟူသော စီမံကိန်းမှ စွမ်းအင်သစ်မော်တော်ယာဉ်စီမံကိန်းမှာ အရေးကြီးသည့်ခြေလှမ်းတစ်လှမ်း လှမ်းနိုင်ခဲ့ပြီဟု အဓိပ္ပာယ်ရပေသည်။

ကျန်းလင် မော်တော်ယာဉ်စွမ်းအားသစ်အဖွဲ့အစည်း ကူမင်းမြို့အခြေစိုက် စီမံကိန်းသည် ကူမင်းမြို့ စုံးမင်ရန်လင် စီးပွားရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုဇုန် မော်တော်ယာဉ်စက်မှုဥယျာဉ်တွင် တည်ရှိပြီး ဧရိယာ တရုတ်ဧက ၈၀၀ ရှိသည်။ စုစုပေါင်းရင်းနှီးမြှုပ်နှံငွေမှာ တရုတ်ယွမ် ၂ ဒသမ ၄၄၆ ဘီလီယံရှိပြီး ထုတ်လုပ်မှုစွမ်းရည်မှာ မော်တော်ယာဉ် တစ်သိန်းခန့် စီမံထားသည်။ ၂၀၁၈ ခုနှစ် ဧပြီ ၁၁ ရက်တွင် စတင်တည်ထောင်ခဲ့သည်။ ထုတ်လုပ်သော မော်တော်ယာဉ်များသည် အနောက်တောင်ပိုင်းဈေးကွက်ကို အဓိကထားပြီး ဖြန့်ချိလျက်ရှိသကဲ့သို့ အရှေ့တောင်အာရှဈေးကွက်သို့လည်း ဖြန့်ချိသွားမည်ဖြစ်သည်။ ယခုချိန်တွင် လာအိုစီမံကိန်းမှာ စတင်ခဲ့ပြီဖြစ်သည်။

ယခုချိန်တွင် မော်တော်ယာဉ်စွမ်းအားသစ်နှင့် ပံ့ပိုးရေးစီမံကိန်းများကို မြှင့်တင်ဆောင်ရွက်နေသည်ဖြစ်ကြောင်း ယူနန်ပြည်နယ်ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်ထံမှ သိရှိခဲ့ပါသည်။

ရေအားလျှပ်စစ်အရင်းအမြစ်ပြည်နယ်ဖြစ်သည်နှင့်အညီ ယူနန်ပြည်နယ်သည် မိမိအားသာချက်များကို ဖွံ့ဖြိုးတိုးတက်ရေး အားသာချက်များအနေဖြင့် အသုံးချနေပါသည်။ မြစိမ်းရောင်စွမ်းအင်ပြည်နယ်ကြီးအဖြစ် တည်ဆောက်ရန် ကြိုးပမ်းနေသည်။ စွမ်းအားသစ်မော်တော်ယာဉ်၊ ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင် စသည့် မြစိမ်းရောင်အရင်းအမြစ်များကို အသုံးချကာ ယူနန်ပြည်နယ် ပထမစက်မှုလုပ်ငန်းအဖြစ် အားထုတ်လုပ်ကိုင်နေပါသည်။ မကြာမီကာလအတွင်း မြစိမ်းရောင်စွမ်းအားသည် ယူနန်ပြည်နယ် စီးပွားရေးကို အထောက်အပံ့ဖြစ်စေသော ပထမစွမ်းအား ဖြစ်လာမည်ဖြစ်သည်။

**ဆင်ဟွာသတင်းဌာန**

# ကူမင်း ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ခရီးသည်တင်လေယာဉ်များရောက်ရှိနိုင်သော တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ၏ မြို့ပြများမှာ ၃၄ မြို့အထိရှိ

ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ လေယာဉ်လိုင်းအနက် အာဆီယံနိုင်ငံ ၁၀ နိုင်ငံ၊ တောင်အာရှနိုင်ငံ ၅ နိုင်ငံ၊ အရှေ့တောင်အာရှနိုင်ငံသို့ လေကြောင်းလိုင်းမှာ မြို့ ၃၄ ခုသို့ ရောက်ရှိနိုင်ပြီး တရုတ်ပထမအဆင့် ရပ်တည်လျက်ရှိနေပါသည်။ အခြေခံအားဖြင့် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံများ၏ မြို့တော်များနှင့် အရေးကြီးသော ခရီးသွားမြို့များသို့ ချိတ်ဆက်ပျံသန်းနေပြီဖြစ်ကြောင်း ကူမင်း ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ သိရှိခဲ့ပါသည်။

၂၀၁၂ ခုနှစ်မှစ၍ ကူမင်း ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေယာဉ်ခရီးစဉ်များ၊ ခရီးသည်များ၊ ကုန်ပစ္စည်းသယ်ယူပို့ဆောင်နှုန်းများ အရှိန်အဟုန်ဖြင့် မြင့်တက်လာနေပါသည်။ စာရင်းဇယားအရ သိရသည်မှာ-၂၀၁၈ ခုနှစ်တွင် ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လေယာဉ်ခရီးစဉ်ပေါင်း ၃၅၉၄၈၇ ကြိမ်ရှိခဲ့ပြီး တရုတ်နိုင်ငံတွင် စတုတ္ထအဆင့် ရပ်တည်လျက်ရှိသည်။ ခရီးသည်သွားလာမှုနှုန်းမှာ ၄၇၀၈၈၁၄၀ ဦးရှိပြီး တရုတ်နိုင်ငံ၏ ဆဌမအဆင့်၊ ကမ္ဘာ့အဆင့်(၃၅) ရပ်တည်လျက်ရှိသည်။ ကုန်ပစ္စည်း သယ်ယူပို့ဆောင်နှုန်းမှာ ၄၂၈၂၉၅ တန်ရှိပြီး တရုတ် အဌမအဆင့်မှာ ရှိနေပါသည်။

တစ်ဖန် ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ် လေကြောင်းလိုင်း ဖွာထွက်မှုစွမ်းအား မြင့်တက်နေသည်။ ၂၀၁၈ ခုနှစ်တွင် ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပျံသန်းနေသော လေယာဉ်ခရီးစဉ် ၃၄၈ကြောင်းမှာ ပြည်တွင်းခရီးစဉ် ၂၇၀ ကြောင်း၊ ပြည်ပခရီးစဉ် ၇၄ ကြောင်း၊ ဒေသတွင်းခရီးစဉ် ၄ ကြောင်း ပါရှိသည်။ အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးအပိုင်းတွင် ကူမင်းမှ ဒါကာ၊ ဒေလီ၊ မွန်ဘိုင်း၊ ဟန္ဓိုင်း၊ မဒရပ်၊ ဘန်ဂလို၊ ခတ္တမန္ဒူ စသည့် အပြည်ပြည်ဆိုင်ရာခရီးစဉ် ၇ ကြောင်းရှိပြီး ကူမင်းမှ ဆိုးလ်၊ ဟိုချီမင်း၊ ရန်ကုန်၊ ကရာချိ၊ ဒူဘိုင်းနှင့် အခြားကုန်တင်လေယာဉ်ခရီးစဉ်များ ပျံသန်းပြေးဆွဲရန် စီစဉ်ထားပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ချန်ရွှေအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် နှစ်စဉ်ခရီးသည် သွားလာနှုန်းမှာ ၆၇ သန်း ရောက်ရှိနိုင်ပြီး နှစ်စဉ်ကုန်ပစ္စည်းသယ်ယူပို့ဆောင်နှုန်းမှာ တန် ၅ ဒသမ ၇ သိန်း၊ အပြည်ပြည်ဆိုင်ရာနှင့် နယ်မြေဒေသခရီးသည် သွားလာနှုန်းမှာ သိန်း ၆၀၊ ခရီးစဉ်ပေါင်း ၃၅၀ ကြောင်း ရှိခဲ့ပါသည်။ ထိုအတွင်းမှ အပြည်ပြည်ဆိုင်ရာခရီးစဉ် ၁၀၀ ကြောင်း၊ ပြည်ပနှင့်တိုင်းဒေသချိတ်ဆက်သောမြို့မှာ ၆၀ မြို့ ကျော်ပြီဖြစ်သည်။

**သတင်းထောက်- ဝမ်ရှောက်ဖိန်း**



# ၂၀၁၉ ခုနှစ် တရုတ်နှင့် တောင်အာရှ၊ အရှေ့တောင်အာရှ အနုပညာသီတင်းပတ်ကို ကူမင်းမြို့တွင် ကျင်းပခဲ့

၂၀၁၉ ခုနှစ် ဇွန်လ ၁၁ ရက်နေ့တွင် တရုတ်နှင့် တောင်အာရှ အရှေ့တောင်အာရှ အနုပညာသီတင်းပတ်ကို ကူမင်းမြို့တွင် ကျင်းပခဲ့ပါသည်။ တရုတ်၊ အိန္ဒိယ၊ အီတလီ၊ ကမ္ဘောဒီးယား၊ ကိုးရီးယား၊ လာအို၊ ထိုင်း၊ မလေးရှား၊ ယူကရိန်း၊ အမေရိကန်နိုင်ငံ စသည့် နိုင်ငံ ၁၂ နိုင်ငံနှင့် တရုတ်နိုင်ငံ ဟောင်ကောင်၊ မကာအို၊ ထိုင်ဝမ် စသည့် ဒေသအသီးသီးမှ ကိုယ်စားလှယ်များ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။

တရုတ်နိုင်ငံရေးအတိုင်ပင်ခံကွန်ဖရင့် ကော်မတီဝင်၊ တရုတ်နိုင်ငံ စာပေအနုပညာယဉ်ကျေးမှုယူနီယံဒုဥက္ကဋ္ဌ ကော်ယွမ်တယ်၊ ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဟော်လန်းဟွေ စသည့်ပုဂ္ဂိုလ်တို့သည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပါသည်။

အဆိုပါနေ့ နံနက်ပိုင်းတွင် ယူနန်ပြည်နယ် ပြည်သူ့အစိုးရအရာရှိများနှင့် တရုတ်နိုင်ငံ စာပေအနုပညာယဉ်ကျေးမှု ယူနီယံအရာရှိများသည် ကွမ်ကျိုးမြို့အခြေစိုက် ဘရာဇီးနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စတာဖေတယ်လောထည်လာ၊ ကူမင်းမြို့အခြေစိုက် မလေးရှားနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စတာဖာရီစိုက်၊ ကူမင်းမြို့အခြေစိုက် ထိုင်းနိုင်ငံ ကောင်စစ်ဝန်ချုပ် မစ္စနီထိဝါထီမာနီခွမ်၊ ကမ္ဘောဒီးယားနိုင်ငံ နိုင်ငံတော်ယဉ်ကျေးမှုအနုပညာဌာန ရုပ်ရှင်ရုံး ဒုတိယညွှန်ကြားရေးမှူး ဝန်ကြီး မစ္စတာစွန်ကျန့်ထာ၊ လာအိုနိုင်ငံ နိုင်ငံတော်ရုပ်ရှင်ရုံး ညွှန်ကြားရေးမှူး မစ္စတာဝင်းထွန်းစွန်တာလာ စသည့် အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် ဧည့်သည်တော်များကို တွေ့ဆုံခဲ့ကြပါသည်။

အဆိုပါ အနုပညာသီတင်းပတ်သည် 'တံခါးဖွင့်လှစ်မှုရှေ့တန်းမှာ အတူစုစည်းခြင်း၊ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုမှုစင်တာကို အတူတည်ဆောက်ခြင်း၊ ချမ်းသာဖွံ့ဖြိုးမှုကို အတူမျှဝေခြင်း'ဟူသော ရည်မှန်းချက်ကို ပိုမိုသိသာထင်ရှားလာစေရန်အတွက် 'ပိုးလမ်းမသစ်ကို အတူတကွတည်ဆောက်ကြပါစို့။ ရောင်စုံခြယ်ယူနန်တွင် အတူဆုံကြပါစို့'ဟူသော အဓိကဆောင်ပုဒ်ကို သတ်မှတ်ထားပါသည်။ နိုင်ငံတကာပုံစံ၊ ပွင့်လင်းမြင်သာမှုရှိခြင်း၊ အနုပညာဆန်ခြင်း စသည့်ကဏ္ဍများကို ပိုမိုအလေးထားလာပါသည်။ တောင်အာရှ အရှေ့တောင်အာရှ နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုအနုပညာအရာရှိများ၊ အနုပညာရှင်များနှင့် တရုတ်နိုင်ငံ အနုပညာရှင်များ၊ အနုပညာဝန်ထမ်း ကိုယ်စားလှယ်များသည် တောင်အာရှ၊ အရှေ့တောင်အာရှ ရုပ်ရှင်အကြောင်းဆိုင်ရာ ဖလှယ်ပွဲနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖိုရမ်၊ ရုပ်ရှင်စီမံကိန်း မိတ်ဆက်ခြင်းနှင့် မူပိုင်ခွင့် အကျိုးတူပူးပေါင်း ဆောင်ရွက်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ အိန္ဒိယ ရုပ်ရှင်သီတင်းပတ်၊ '၂၀၁၉ ခုနှစ် တရုတ်နိုင်ငံ တောင်အာရှ အရှေ့တောင်အာရှ နိုင်ငံတကာမျက်လှည့်ပြပွဲနှင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ယူနန်ပြည်နယ် တတိယအကြိမ်မြောက် နိုင်ငံတကာမျက်လှည့်ပြပွဲ' စသည့်အစီအစဉ်များတွင်လည်း အသီးသီးပါဝင်တက်ရောက်ခဲ့ကြပါသည်။

အဆိုပါ အနုပညာသီတင်းပတ်သည် ယူနန်ပြည်နယ်ပါတီကော်မတီ ပြန်ကြားရေးဦးစီးဌာန၊ တရုတ်နိုင်ငံ ကျွမ်းဘားအသင်း၊ ယူနန်ပြည်နယ် စာပေအနုပညာယဉ်ကျေးမှု နယ်ပယ် ယူနီယံတို့မှ ပူးပေါင်းကျင်းပကြခြင်းဖြစ်ပါသည်။ ယူနန်ပြည်နယ် ရုပ်ရှင်အနုပညာအသင်း၊ ယူနန်ပြည်နယ် ကျွမ်းဘားအသင်း၊ ယူနန်ပြည်နယ် စာပေအနုပညာခန်းမမှ တာဝန်ယူ ကျင်းပပေးခြင်းဖြစ်ပါသည်။

**သတင်းထောက်– ဟိုထင်ထင်**




နှစ်(၇၀) ဂုဏ်ပြုထောမနာပြုခြင်း

## 'ဖူရှင်အမှတ်'အမြန်ရထားသည် အံ့ချီးဖွယ်ရာ ဖန်တီးနိုင်ခဲ့

**သတင်းထောက်အညွှန်း–** ၂၀၁၉ ခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်ခြင်း နှစ်(၇၀)ပြည့်နှစ် ဖြစ်သည်။ နှစ်(၇၀)အတွင်းတွင် တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးသော နိုင်ငံတစ်ခုမှ ကမ္ဘာ့ဒုတိယအကြီးဆုံး စီးပွားရေးအင်အားကြီးမားသော နိုင်ငံကြီးအဖြစ် လျင်မြန်စွာ တိုးတက်လာပါသည်။ နိုင်ငံ၏ ပြောင်းလဲမှုသမိုင်းကို ကမ္ဘာ့လူသားအားလုံးမှ အထူးဂရုပြုနေကြသည်။ ယခုအပတ်စဉ်တွင် ကျွန်တော်တို့သည် 'နှစ်(၇၀) ဂုဏ်ပြုခြင်း' ကော်လံကို ဆက်လက်တင်ဆက်ပေးမည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်ပြီး နှစ် ၇၀ အချိန်ကာလအတွင်း ပြောင်းလဲမှုများစွာကို အတူလေ့လာကြပါစို့။

တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အမြန်မီးရထားမောင်းနှင်မှု အကွာအဝေးအရှည်ဆုံး၊ တည်ဆောက်ရေးလုပ်ငန်း အကြီးကျယ်ဆုံး၊ စီးပွားရေးစီမံခန့်ခွဲမှု အရှိန်အမြန်ဆုံး စသည့် အချက်အလက်များကို ပိုင်ဆိုင်သည့်နိုင်ငံဖြစ်ပါသည်။ နောက်နောင်တွင် တရုတ်နိုင်ငံသည် တစ်နာရီ ကီလိုမီတာ ၂၅၀ အရှိန်ရှိသော ကုန်စည်ပို့ဆောင်ရေး 'ဖူရှင်အမှတ်' အမြန်ရထားနှင့် တစ်နာရီ ကီလိုမီတာ ၃၅၀ အရှိန်ရှိသော အော်တိုမောင်းနှင်မှုစနစ် ခရီးသည်တင်ယူပို့ဆောင်ရေး အမြန်ရထားများကို စတင်အသုံးပြုတော့မည်ဖြစ်သည်။ မီးရထားအရှိန်မျိုးစုံကို သတ်မှတ်မောင်းနှင်နိုင်သော၊ ကွဲပြားခြားနားသော ဒေသလိုအပ်ချက်အသီးသီးကို ဖြည့်ဆည်းပေးနိုင်သော 'ဖူရှင်အမှတ်' အမြန်ရထားကို သုတေသနပြုစုခြင်းများကို အားစိုက်လုပ်ဆောင်နေလျက် ရှိနေပါသည်။ တရုတ်နိုင်ငံ၏ 'ဒေါင်လိုက် ၈ ခု၊ အနံလိုက် ၈ ခု'အမြန်ရထားကွန်ရက်တစ်ခုကို ဆောက်လုပ်ရန် ကြိုးပမ်းနေပါသည်။

'ဖူရှင်အမှတ်'အမြန်ရထားသည် တရုတ်နိုင်ငံ အမြန်ရထား၏ စံပြသတ်မှတ်ချက် နာမည်အတိုင်း အမည်ပေးထားခြင်းဖြစ်သည်။ တရုတ်နိုင်ငံ ရထားလမ်းကြောင်းအုပ်စုအဖွဲ့မှ သုတေသနပြုစုပြီး တည်ဆောက်ထားခြင်းဖြစ်သည်။ ဉာဏ်ပညာမူပိုင်ခွင့် ရှိပါသည်။ ကမ္ဘာ့အဆင့်အတန်းမီ အမြန်မီးရထားအဆင့် ရောက်ရှိနေပါသည်။

၂၀၁၇ ခုနှစ် ဇွန်လ ၂၅ ရက်တွင် 'ဖူရှင်အမှတ်'အမြန်ရထားသည် ပေကျင်း-ရှန်ဟိုင်း အမြန်ရထားသံလမ်းတွင် အစုန်အဆန်ရထားနှစ်စင်းကို တရားဝင် စတင်ခုတ်မောင်းခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဧပြီလတွင် ပေကျင်းမှ စတင်ထွက်ခွာလာသော 'ဖူရှင်အမှတ်'အမြန်ရထားသည် တရုတ်နိုင်ငံ ပြည်နယ်အဆင့်အထက်ရှိ မြို့ ၁၅ ခုအထိ ရောက်ရှိနိုင်ကြောင်း သိရပါသည်။

ကုန်တင်အမြန်မီးရထားအပြင် တရုတ်နိုင်ငံ၏ ခရီးသွားဧည့်သည်တင် အမြန်ရထားအတွက်လည်း သစ်လွင်သောမော်ဒယ်အသစ် မီးရထားတွဲများကို စတင်အသုံးပြုကာ ပြေးဆွဲတော့မည်ဖြစ်သည်။ ပေကျင်း-ကျန်းကျာခို မြို့နှစ်ခုအကြားတွင် ပြေးဆွဲနေသော ဒစ်ဂျစ်တယ်စနစ် အမြန်မီးရထားတွဲပေါ်တွင် တရုတ်နိုင်ငံမှ ကိုယ်ပိုင်တီထွင်ထုတ်လုပ်ထားသော ဓူဝံဂြိုဟ်တု GPS လမ်းညွှန်စနစ်ကို ဦးစွာတပ်ဆင်အသုံးပြုမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးအတွင်း အရှိန် ၃၅၀ ကီလိုမီတာရှိသော အော်တိုမောင်းနှင်မှုစနစ် အမြန်ရထားပေါ်တွင် Wifi လွှင့်တင်ဖုံးလွှမ်းမှုများရရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပါသည်။

ယခုလက်ရှိအချိန်တွင် 'ဖူရှင်အမှတ်' အမြန်ရထား၏ မော်ဒယ်အသစ် ရထားအစင်းတိုင်းသည် ဧည့်သည်မတင်မီ ရထားတွဲအလွတ်ဖြင့် ကီလိုမီတာ ၆ သိန်းပြည့်အောင် စမ်းသပ်ခုတ်မောင်းရမည်ဟု သတ်မှတ်ချက်ချထားပါသည်။ ၎င်းအကွာအဝေးသည် ကမ္ဘာလုံးကို ၁၅ ပတ်ပတ်ခြင်း အကွာအဝေးနှင့် တူညီပါသည်။




အပြန်အလှန် ချိတ်ဆက်ခြင်း

## တရုတ် – လာအိုရထားလမ်း အရှည်လျားဆုံးသော တံတားဘောင်တန်း တည်ဆောက်ခြင်းလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့

လတ်တလောရက်ပိုင်းအချိန်တွင် ကွေးကောက်လျက်ရှိသော ၃၂ မီတာရှည်လျားသည့် T သဏ္ဌာန်ဘောင်တန်းသည် လာအိုနိုင်ငံ၏မြို့တော် ဗီယက်ကျန်း နန်ခေါ်နယ်ဟော်ထည်တံတားပေါ်တွင်ရှိသော တံတားတိုင်နှစ်ခုပေါ်တွင် အောင်မြင်စွာ တပ်ဆင်ပြီးဖြစ်သည်။ တရုတ်နိုင်ငံ အမှတ်(၂) ရထားလမ်းကြောင်းအုပ်စုအဖွဲ့မှ ဦးစီးဆောက်လုပ်သည့် တရုတ်-လာအိုရထားလမ်းကြီးတစ်လျှောက်တွင် အရှည်လျားဆုံးသော တံတားဘောင်တန်း တည်ဆောက်ခြင်းလုပ်ငန်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

တရုတ်နိုင်ငံ အမှတ်(၂) ရထားလမ်းကြောင်းအုပ်စုအဖွဲ့ တရုတ်-လာအို ရထားလမ်းစီမံကိန်းဌာနမှ တာဝန်ရှိသူတစ်ဦးက သတင်းထောက်အား ထိုကဲ့သို့ပြောပါသည်။ နန်ခေါ်နယ်ဟော်ထည်တံတားသည် စုစုပေါင်း ၇၅၀၆ ဒသမ ၃ မီတာ ရှည်လျားပါသည်။ အဆိုပါတံတားသည် ၂၀၁၇ ခုနှစ် မေလတွင် ပန္နက်ရိုက်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် ဇွန်လတွင် တံတားပေါ်ရှိ အဓိကဘောင်တန်းများ ဆောက်လုပ်ခြင်း ပြီးဆုံးသွားပါသည်။ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တံတားတိုင်များကို စတင်ဆောက်လုပ်ပါသည်။ ဇွန် ၁ ရက်တွင် ဆောက်လုပ်ပြီးစီးသွားပါသည်။ နဂိုသတ်မှတ်ချိန်ထက် ရက်အနည်းငယ်စောပြီးသွားပါသည်။ ဆောက်လုပ်ရေးအချိန်ကာလအတွင်းတွင် တရုတ်နိုင်ငံ အင်ဂျင်နီယာ နည်းပညာရှင်များသည် ဆိုးဝါးသော သယ်ယူပို့ဆောင်ရေးအခြေအနေ၊ ပူပြင်းသောရာသီဥတု၊ ဘာသာစကား အတားအဆီး စသည့် ခက်ခဲသောအခြေအနေများစွာကို ရင်ဆိုင်ကျော်ဖြတ်ခဲ့ရပါသည်။

တရုတ်-လာအို ရထားလမ်းသည် မြောက်ဘက်တွင် လာအို-တရုတ် နယ်စပ်ဒေသမှ စတင်ပြီး တောင်ဘက်တွင် ဗီယင်ကျန်းသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ အဆိုပါရထားလမ်းစီမံကိန်းသည် တရုတ်နိုင်ငံမှ အဓိကရင်းနှီးငွေများ ထည့်သွင်းတည်ဆောက်သော၊ တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံ အတူတကွ စီမံခန့်ခွဲမှုပြုသော၊ တရုတ်နိုင်ငံ ရထားလမ်းကွန်ရက်များနှင့် တိုက်ရိုက်ချိတ်ဆက်နိုင်သော ပထမဆုံး နိုင်ငံခြားစီမံကိန်းကြီးဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ရထားလမ်းတစ်လျှောက် တည်ဆောက်ရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၁ ပြည့်နှစ် ဒီဇင်ဘာလတွင် ဆောက်လုပ်ပြီးစီးပြီး အသုံးပြုနိုင်ရန် စီမံထားပါသည်။

**ဆင်ဟွာသတင်းဌာန**



ပေါက်ဖော်သံယောဇဉ် နက်ရှိုင်း

# တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး (၆၉)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနား မန္တလေးမြို့တွင် စည်ကားသိုက်မြိုက်စွာကျင်းပ






ဇွန်လ ၈ ရက်နေ့သည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင်သည့် (၆၉) နှစ်မြောက် အထိမ်းအမှတ်နေ့ဖြစ်သည်။ မန္တလေး ကြင်တောယန်းခန်းမကြီးအတွင်း၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ နှစ်နိုင်ငံသံတမန်ဆက် ဆံရေး (၆၉)နှစ်မြောက် အထိမ်းအမှတ်အခမ်း အနားကို ကျင်းပခဲ့ပါသည်။ မန္တလေးအခြေစိုက် တရုတ်နိုင်ငံ ကောင်စစ်ဝန်ချုပ် ဦးကျော်ရင်၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မန္တလေးတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးစိုးသိန်း၊ မန္တလေးမြို့တော် ဝန် ဒေါက်တာရဲလွင်၊ မြန်မာနိုင်ငံ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်ခင်ဇော်၊ မြန်မာနိုင်ငံ အမျိုးသားလွှတ် တော်ကိုယ်စားလှယ် ဒေါက်တာကျော်သန်း ထွန်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဇနီး ဒေါက်တာဒေါ်ယုယုမေ ဦးဆောင်သည့် အမျိုးသမီးကော်မတီ၊ မန္တလေးအခြေစိုက် အိန္ဒိယနိုင်ငံ ကောင်စစ်ဝန်ချုပ် Nandan Singh Bhaisora၊ မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးပိုမြင့်၊ တရုတ်လုပ်ငန်းရှင်အဖွဲ့ ကိုယ်စား လှယ်များ၊ တရုတ်ပြည်မှစေလွှတ်သော ဆရာ ဆရာမများ၊ လုပ်အားပေးများ၊ မီဒီယာသတင်း ထောက်များ စသည့် ပုဂ္ဂိုလ် ၆၀၀ ကျော် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက် ခဲ့ကြပါသည်။

မန္တလေးအခြေစိုက် တရုတ်နိုင်ငံ ကောင် စစ်ဝန်ချုပ် ဦးကျော်ရင်၊ မန္တလေးတိုင်းဒေသ ကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ မြန်မာနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စား လှယ် ဒေါက်တာကျော်သန်းထွန်း၊ မန္တလေး တိုင်းဒေသကြီး မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်းဥက္ကဋ္ဌ ဦးပိုမြင့်၊ ကြင်တောယန်း ပရဟိတအသင်းချုပ်ဥက္ကဋ္ဌ ဦးဖြူဝင်း၊ မန္တလေး- ယူနန် ဘုံကျောင်းဥက္ကဋ္ဌ ဦးကျော်စိန်တို့ အသီးသီး အဖွင့်အမှာစကား ပြောကြားသွား ကြပါသည်။ တရုတ်-မြန်မာ နှစ်နိုင်ငံမှ ဧည့် သည်တော်များသည် နှစ်ဦးနှစ်ဖက်တို့ အတူ တကွ ဆောက်တည်သော အောင်မြင်မှုများမှ တစ်ဆင့် မိမိတို့၏ ကိုယ်တွေ့အတွေ့အကြုံ များအခြေခံပြီး တရုတ်- မြန်မာ ပေါက်ဖော် ချစ်ကြည်ရေးသမိုင်းကြောင်းကို ပြန်ပြောင်း ပြောကြားရင်း ဂုဏ်ပြုသွားကြပါသည်။ တရုတ်- မြန်မာချစ်ကြည်ရေး ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကာ ထာဝရ တည်တံ့ခိုင်မြဲပါ စေကြောင်း ဆုမွန်ကောင်း တောင်းသွားကြ ပါသည်။

ရှေ့ပွဲလာ ဧည့်သည်တော်များသည် တရုတ်-မြန်မာ သံတမန်ဆက်ဆံရေးထူထောင် သည့် (၆၉)နှစ်မြောက်အထိမ်းအမှတ် ဓာတ်ပုံ ပြပွဲကို လှည့်လည်ကြည့်ရှုခဲ့ကြပါသည်။ ဓာတ် ပုံပြပွဲမှာ သုံးပိုင်းခွဲထားပါသည်။ တရုတ်ဆင်း ရဲနွမ်းပါးမှု ပပျောက်ရေး၊ တရုတ်-မြန်မာ ပေါက်ဖော်သမိုင်းကြောင်း၊ မြန်မာမီဒီယာ သတင်းထောက်မျက်စိအတွင်းမှ တရုတ်ပြည် ဟူ၍ သုံးပိုင်းဖြစ်ပါသည်။ ပထမပိုင်း အစီ အစဉ်အတွင်းမှာ ပြသထားသည်မှာ တရုတ် နိုင်ငံ ပြုပြင်ပြောင်းလဲရေးတံခါးဖွင့်ဝါဒ ကျင့်သုံး ပြီး နှစ်ပေါင်း ၄၀ ကာလအတွင်း သန်း ၈၀၀ ရှိသော လူဦးရေကို ဆင်းရဲနွမ်းပါးမှုမှ လွတ် မြောက်စေနိုင်ခဲ့ကာ ကမ္ဘာ့ဆင်းရဲမှုပပျောက် ရေးလုပ်ငန်းအတွက် သမိုင်းစံချိန်တင်နိုင်ခဲ့ ပါတော့သည်။ ပေါက်ဖော်သမိုင်းအပိုင်းကဏ္ဍ မှာ 'နဂါးဥသုံးလုံး'၊ 'ဗျူဂိတအလှ'၊ 'ကြင်တော ယန်း၏ဇစ်မြစ်အကြောင်း'၊ 'မင်းတုန်းမင်းနှင့် နိုင်ငံခြားရောက် တရုတ်လူမျိုးများ'၊ 'ဘိန်း စစ်ပွဲ'၊ 'ဖက်ဆစ်ဆန့်ကျင်ရေးတိုက်ပွဲ'၊ 'ခေတ် အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ အပြန် အလှန် သွားလာလည်ပတ်ကြခြင်း' စသည့် သမိုင်းဝင်ဓာတ်ပုံများထဲမှတစ်ဆင့် တရုတ်- မြန်မာ ပြည်သူအကြား 'တူညီသောကံကြမ္မာ' တည်ဆောက်ထားသည်ကို သိရှိနားလည်သွား ကြပါသည်။ တတိယအပိုင်းမှာ မြန်မာမီဒီယာ သတင်းထောက် ဓာတ်ပုံဆရာများ၏ ဓာတ်ပုံ မှတစ်ဆင့် တရုတ်နိုင်ငံ၏ တိုးတက်မှုပုံရိပ် ကို တွေ့မြင်သွားကြပါတော့သည်။

ယခုအကြိမ် တရုတ်-မြန်မာ သံတမန် ဆက်ဆံရေးထူထောင်သည့် (၆၉)နှစ်မြောက် အထိမ်းအမှတ်လှုပ်ရှားမှုကို မန္တလေးအခြေ စိုက် တရုတ်နိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး မြန်မာ-တရုတ်ချစ် ကြည်ရေးအသင်းတို့က ပူးပေါင်းကြီးမှူးကြ ခြင်း ဖြစ်ပါသည်။ **အထွေထွေသတင်း**

# တတိယအကြိမ် လန်မဲတက္ကသိုလ်ကျောင်းသားများ အားကစားပြိုင်ပွဲပိတ်ပွဲကို ကူမင်းမြို့တွင် ကျင်းပခဲ့

ဇွန်လ ၁၁ ရက်တွင် ယူနန်ပြည်နယ် ပြည်သူ့အစိုးရမှ ကြီးမှူးကျင်းပပြီး ယူနန်ပြည် နယ် ပညာရေးဦးစီးဌာနနှင့် ကူမင်း သိပ္ပံ နည်းပညာတက္ကသိုလ်တို့ လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် လန်ချန်းမြစ်-မဲခေါင် မြစ် တက္ကသိုလ်ကျောင်းသားများ အားကစား ပြိုင်ပွဲနှင့် (၅)ကြိမ်မြောက် တောင်အာရှ၊ အရှေ့တောင်အာရှနိုင်ငံ တက္ကသိုလ်ကျောင်း သားများ ကာယယဉ်ကျေးမှုဖလှယ်ရေး သီတင်းပတ်ကို ကူမင်း သိပ္ပံနည်းပညာတက္က သိုလ် ချိန်ကုန့်ကျောင်းဝင်းအတွင်းမှာ ပိတ်ပွဲ ကျင်းပခဲ့ပါသည်။ ယခုအကြိမ် အားကစားပွဲ သည် ဒုတိယအကြိမ် တရုတ် ယူနန်-တောင် အာရှ၊ အရှေ့တောင်အာရှ ပညာရေးပူးပေါင်း ဆောင်ရွက်မှုဖိုရမ်၏ ဖိုရမ်ခွဲ လှုပ်ရှားမှုတစ်ခု ဖြစ်ပါသည်။



၁၀ ရက်ကြာ ပြိုင်ပွဲအပြီးမှာ ဗီယက်နမ် ထိုက်ယွမ်ဆက်သွယ်ရေးနှင့် အချက်အလက် နည်းသိပ္ပံပညာတက္ကသိုလ်က အမျိုးသားဘော လုံးအသင်းမှ ပထမဆုကိုသော်လည်းကောင်း၊ ကူမင်း သိပ္ပံနည်းပညာတက္ကသိုလ် နိုင်ငံတကာ ကောလိပ်က ဒုတိယဆုကိုသော်လည်းကောင်း၊ ကူမင်း သိပ္ပံနည်းပညာတက္ကသိုလ် ပထမ အသင်းက ဘော်လီဘောပြိုင်ပွဲမှာ ပထမဆု ကိုသော်လည်းကောင်း၊ ထိုင်းနိုင်ငံ တော်ဝင် အင်ဂျင်နီယာတက္ကသိုလ်က ဒုတိယဆုကို သော်လည်းကောင်း၊ ယူနန် နော်မန်တက္ကသိုလ် က အမျိုးသမီးဘော်လီဘောပြိုင်ပွဲမှာ ပထမ ဆုကိုသော်လည်းကောင်း၊ ကူမင်း သိပ္ပံနည်း ပညာတက္ကသိုလ်က ဒုတိယဆုကိုသော်လည်း ကောင်း အသီးသီး ဆွတ်ခူးကြကြောင်း သိရ ပါသည်။

သတင်းအရ- အားကစားပြိုင်ပွဲကာလ အတွင်း အမျိုးသားဘောလုံး၊ အမျိုးသား ဘော်လီဘောနှင့် အမျိုးသမီးဘော်လီဘော စသည့်ပြိုင်ပွဲအစီအစဉ်များနှင့် ယဉ်ကျေးမှု လေ့လာဖလှယ်ရေးလှုပ်ရှားမှုများကို ကျင်းပ ခဲ့ကြောင်း သိရပါသည်။ တရုတ်၊ အိန္ဒိယ၊ လာအို၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ စင်္ကာပူ၊ မြန်မာ၊ မလေးရှားနှင့် ပါကစ္စတန် စသည့်နိုင်ငံ ၁၀ နိုင်ငံမှ တက္ကသိုလ်ကျောင်း ၂၀ ၏ ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူ ၄၀၀ ကျော် ပါဝင်ခဲ့ကြကြောင်း သိရပါသည်။

ကူမင်း သိပ္ပံနည်းပညာတက္ကသိုလ် နိုင်ငံ တကာကောလိပ်ကျောင်းကော်မတီဥက္ကဋ္ဌ စိန် လင်းက မိတ်ဆက်ပြောကြားသွားသည်မှာ အကြိတ်အနယ်ပြိုင်ပွဲများအပြင် လှုပ်ရှားမှု ကာလအတွင်း ကူမင်း သိပ္ပံနည်းပညာတက္က သိုလ်သည် စီးရီးလိုက် ယဉ်ကျေးမှုဆွေးနွေးပွဲ များ၊ ယဉ်ကျေးမှုခံစားခြင်း လှုပ်ရှားမှုများကိုပါ ကျင်းပပေးခဲ့ပါကြောင်း၊ နိုင်ငံခြားတက္ကသိုလ် ကျောင်းသားကျောင်းသူများအား တရုတ် ယဉ်ကျေးမှု အစစ်အမှန်များကို နားလည်စေ နိုင်ခဲ့ပါကြောင်း၊ လှုပ်ရှားမှုမှာ နိုင်ငံအသီးသီး ၏ လူငယ်ကျောင်းသားကျောင်းသူများအကြား နှီးနှောဖလှယ်ရေးကို တိုးမြှင့်စေသည်သာမက နိုင်ငံအသီးသီး ကျောင်းသားလူငယ်များ၏ ချစ်ကြည်ရေးကိုပါ တိုးမြှင့်စေနိုင်ခဲ့ပါကြောင်း၊ တရုတ် ယူနန်နှင့် တောင်အာရှ အရှေ့တောင် အာရှနိုင်ငံ တက္ကသိုလ်ကျောင်းများအကြား လူမှုယဉ်ကျေးမှုဖလှယ်ရေးကို တိုးမြှင့်စေနိုင် ခဲ့ကာ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို တွန်းတင်နိုင်ခဲ့ပါကြောင်း စသည်ဖြင့် ပြော ကြားသွားပါသည်။

**သတင်းထောက်- ကျန်းရော့ကူ**